**ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးမူဝါဒ**

**၁။ နိဒါန်း**

၁.၁။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) သည် မြန်မာနိုင်ငံအတွင်း၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အမေရိကန်ပြည်ထောင်စုနှင့် ဆက်နွယ်ကြသော ကုမ္ပဏီများမှ အသင်းဝင်အဖြစ် စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

၁.၂။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) မှဆောင်ရွက် လျက်ရှိသော ဆောင်ရွက်ချက်များနှင့် အလားသဏ္ဌာန်တူညီမှုရှိကြသည့် ပြိုင်ဘက်ကုမ္ပဏီများ အတွင်း အဖွဲ့အစည်းများမှတစ်ဆင့်ပူးပေါင်းဆောင်ရွက်ချက်များအား များစွာအသုံးဝင်မှုရှိခြင်း ကြောင့် ခွင့်ပြုထားရှိသော်လည်း အချို့သောကိစ္စရပ်များသည် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများနှင့်ငြိစွန်းမှုများ ဖြစ်ပေါ်နိုင်ပေသည်။

၁.၃။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) ၏အဖွဲ့ဝင်များ အားလုံးအနေဖြင့် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာစည်းမျဉ်းများအား တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ၎င်းတို့၏ ဝန်ထမ်းများအားအဆိုပါ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သော လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ကောင်းစွာ သိရှိပြီး လေးစားလိုက်နာမှုရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိမည်။

၁.၄။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) ၏ အမှုဆောင် ဒါရိုက်တာအနေဖြင့်အသင်းချုပ်၏ အဖွဲ့ဝင်များမှလုပ်ငန်းဆောင်ရွက်ရာတွင် ဈေးကွက်လက်ဝါး ကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား ချိုးဖောက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်သည်ဟုယူဆပါက အသင်း၏ အမှုဆောင်ဘုတ်အဖွဲ့ထံ အသိပေးအကြောင်းကြားမှုပြု နိုင်သည်။

၁.၅။ ဤလမ်းညွှန်ချက်များသည် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”)၏ အစည်းအဝေးများတွင် တက်ရောက်မည့် အဖွဲ့ဝင်များနှင့် အမှုဆောင် ဒါရိုက်တာတို့ အားလိုက်နာနိုင်စေရန် အသိပေးလမ်းညွှန်ချက်အဖြစ် အသုံးချမှုပြုနိုင်စေရန်သာ ရည်ရွယ်ပြဋ္ဌာန်း သည်။ ဤလမ်းညွှန်ချက်များတွင် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများမှ အခြေခံကျသော အချက်များနှင့် ပြဋ္ဌာန်းချက်များသာ ထုတ်နုတ်၍ ဖော်ပြထားရှိပါသည်။

## ၂။ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ အထွေထွေလမ်းညွှန်ချက်များ

၂.၁။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း(“AMCHAM”)နှင့် ၎င်း၏အဖွဲ့ဝင်များအားလုံးသည် နိုင်ငံတကာမှ လက်ခံအသုံးပြုလျက်ရှိသည့် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုဆိုင်ရာ စည်းကမ်းချက်များအားလုံးအားလိုက်နာကျင့်သုံးရမည်။ အဓိကအားဖြင့် အောက်ပါပြဋ္ဌာန်းချက် များအား ဂရုပြုလိုက်နာဆောင်ရွက်ရမည်။

(က) လုပ်ငန်းပြိုင်ဘက်များအကြား ယှဉ်ပြိုင်မှုအား ကန့်သတ်သည့် သဘောတူစာချုပ်များ၊ အစီအမံများနှင့် နားလည်မှု ရယူဆောင်ရွက်ခြင်းများ နှင့်သက်ဆိုင်သည့် ကန့်သတ်ချက်များ

(ခ) ဈေးကွက်အတွင်းခိုင်မာသည့် အဖွဲ့အစည်းဖြစ်ခြင်း (သို့မဟုတ်) ဈေးကွက်ဝေစုအများစုအားပိုင်ဆိုင်ခြင်းအပေါ် အလွဲသုံးစားပြု၍ လက်ဝါးကြီးအုပ် ကြီးစိုးခြင်းအပေါ် ကန့်သတ်ထားရှိသည့် ပြဋ္ဌာန်းချက်များ

<u>ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများအားလိုက်နာဆောင်ရွက်ရန်မည်သည့် အတွက်ကြောင့် လိုအပ်သည့်သနည်း။</u>

၂.၂ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများအားလိုက်နာဆောင်ရွက်ရန်မှာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာသက်ရောက်မှုရှိသည့်အကြောင်းအရာများဖြစ်သဖြင့်အထူးဂရုပြုဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်များမှ ဖောက်ဖျက်ကျူးလွန်မှုအပေါ် ပြစ်ဒဏ်များချမှတ်နိုင်သည့်အပြင် ဖောက်သည်များမှ အဆိုပါကျူးလွန်မှုကြောင့် ကြုံတွေ့ရသည့် ဆုံးရှုံးမှုများအပေါ် တရားစွဲဆိုတောင်းခံခြင်းများ ကြုံတွေ့ရနိုင်သည်။ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများအားချိုးဖောက်သည့်အတွက် အဖွဲ့ဝင်များအကြား ထားရှိသည့်သဘောတူချက်များ၏ တည်မြဲမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများအားချိုးဖောက်သည့်အချက်အလက် တစ်စုံတစ်ရာပါဝင်သည့် သဘောတူစာချုပ်များအား စာချုပ်ဝင်များအနေဖြင့် အဆိုပါသဘောတူ စာချုပ်များအား ဖျက်သိမ်းခြင်းပြုနိုင်သည်။

၂.၃။ မြန်မာနိုင်ငံအပါအဝင်တရားစီရင်ရေးနယ်ပယ်အများစုတွင် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများအားချိုးဖောက်ပါက ချိုးဖောက်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာများ၊ မန်နေဂျာများ၊ ဝန်ထမ်းများ အနေဖြင့် ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ်ချမှတ်ခံရခြင်းများ ကြုံတွေ့နိုင်သည်။

စစ်ဆေးတွေ့ရှိခြင်းနှင့် သက်ညှာမှုပြုခြင်း

၂.၄။ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများအားချိုးဖောက်မှု အများစုမှာ လွတ်မြောက်ခြင်းမရှိဘဲ စစ်ဆေးတွေ့ရှိမြဲသာဖြစ်သည်။ သို့သော်အဆိုပါ ကိစ္စရပ်များအပေါ် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအားလုံးနီးပါးမှ သက်ညှာမှုပြုသည့် အစီအစဉ်များ စီမံဆောင်ရွက်ထားရှိကြသည်။ အဆိုပါသက်ရောက်မှုပြုသည့် အစီအစဉ်များအရ ၎င်းကိုယ်တိုင်ပါဝင်ပတ်သက်နေသော်လည်း စည်းမျဉ်းများချိုးဖောက်မှုအပေါ် သတင်းပေး ဆောင်ရွက်ပါက ဒဏ်ငွေအားလုံးဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

မည်သည့်အရာများအား ကန့်သတ်ပိတ်ပင်ထားသနည်း

၂.၅ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်များအပေါ် သေချာစွာ သဘောပေါက်သိရှိပါက မည်သည့်အပြုအမူများအားပိတ်ပင်ထားသည်ကို နားလည်နိုင်ရန် လွယ်ကူသည်။ ရည်ရွယ်ရင်းမှာ ဝယ်ယူသူများအနေဖြင့် လွတ်လပ်စွာ ယှဉ်ပြိုင် ဆောင်ရွက်လျက် ရှိသော ရောင်းချသူများထံမှ စိတ်ကြိုက်ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ခွင့်အား ရရှိနိုင်စေရန်ဖြစ်သည်။ အလားတူပင် ရောင်းချသူများအနေဖြင့်လည်း ဝယ်ယူသူများမှ ပစ္စည်းဝယ်ယူရာတွင် ဝယ်ယူသူအချင်းချင်း ညှိနှိုင်းဆောင်ရွက်ထားခြင်းမျိုး မရှိသည့် လွတ်လပ်သော ဝယ်ယူသူများထံ စိတ်ကြိုက်ရောင်းချနိုင်ခွင့် ရှိစေရမည်သာဖြစ်သည်။

၂.၆။ လုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်အတွင်းသိသာစွာ ကြီးစိုးထားနိုင်ပြီး အခြားယှဉ်ပြိုင် ဘက်များနှင့်ဖောက်သည်များထံမှ သက်ရောက်မှုနည်းပါးစွာ လုပ်ငန်းဆောင်ရွက်နိုင်သည့် အခြေအနေတွင်၎င်း၏ဈေးကွက်ဝေစုပိုင်ဆိုင်မှုအပေါ်အကြောင်းပြု၍လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများအားချိုးဖောက်ခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရမည်။

ယေဘုယျအားဖြင့်လိုက်နာရန် စစ်ဆေးသင့်သည့်အချက်များ

၂.၇။ လုပ်ငန်းနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် သင့်လျော်မှုရှိပြီး လွတ်လပ်စွာ ရယူနိုင်သည့် သတင်းအချက်အလက်များအပေါ်အခြေခံ၍ မိမိအကျိုးစီးပွားအပေါ်ရေးရှု၍ ဆုံးဖြတ်ချမှတ်ရမည်။

၂.၈။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံများ၊ သတင်းအချက်အလက် များနှင့် ပြင်ပအချက်အလက်များကိုအခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ရမည်။

၂.၉။ ကုန်သွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ၊ ၎င်းတို့၏လုပ်ငန်းတာဝန်ခံအဖွဲ့များအပါအဝင် လုပ်ငန်းယှဉ်ပြိုင်ဘက်များ၏ ဆက်သွယ်ဆောင်ရွက်ရန် ပုဂ္ဂိုလ်များ၏ အချက်အလက်များအား တိကျစွာနှင့် ရက်စွဲရေးထိုးမှတ်တမ်းပြုထိန်းသိမ်းထားရှိရမည်။ သို့မဟုတ်ပါက ဖောက်သည်များ၊

ယှဉ်ပြိုင်ဘက်များ၊ သတင်းမီဒီယာများ၊ အာဏာပိုင်အဖွဲ့အစည်းများမှ ပြိုင်ဆိုင်မှု မလုပ်ဘဲ အမြတ်ထွက်ရန် ညှိနှိုင်းဆောင်ရွက်သည်ဟု စွပ်စွဲပြောဆိုလာပါက ပြန်လည်ချေပရန်ခက်ခဲမည် ဖြစ်သည်။အကယ်၍ လုပ်ငန်းပြိုင်ဘက်တစ်စုံတစ်ဦးမှ ပြိုင်ဆိုင်မှု မပြုလုပ်ဘဲ ဈေးကွက်လက်ဝါးကြီး အုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းများတစ်စုံတစ်ရာ အားချိုးဖောက်ရန် အဆိုပြု ညှိနှိုင်းလာပါက ၎င်းအဆိုပြုချက်အား မဆိုင်းမတွငြင်းပယ်ပြီးလျှင်ရုံးတွင်းသို့ချက်ချင်းအသိပေး အကြောင်းကြားဆောင်ရွက်ရမည်။

၂.၁၀။ ရုံးတွင်းနှင့် ပြင်ပဆိုင်ရာစာရွက်စာတမ်းများသည် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု ဖြစ်ပေါ်စေရန် သဘောတူညီမှု သို့မဟုတ် အလားတူ သဘောသက်ရောက်စေသည့် သက်သေခံ များအဖြစ် လွဲမှားစွာ အသုံးပြုခံရခြင်းမရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိရမည်။

၂.၁၁။ လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ စပ်လျဉ်း၍ တောင်းခံရယူသော ရှေ့နေများ ထံမှ ဥပဒေရေးရာအကြံပြုချက်များအား ရှေ့နေများနှင့် ၎င်းတို့၏အမှုသည်များအကြား တည်ရှိသည့် အထူးအခွင့်အရေးနှင့်အညီ အကာအကွယ်ပြုကာ “ဥပဒေအရအထူးအခွင့်အရေးရရှိပြီးနှင့် လျှို့ဝှက် ထားရှိရန်”ဟု မှတ်ချက်ပြုထိန်းသိမ်းထားရှိရမည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အများစုအနေဖြင့် ဖော်ပြပါ စာရွက်စာတမ်းများအား  တောင်းခံနိုင်ခြင်းမရှိသဖြင့် ၎င်းတို့အား သီးခြားစွာ ထိန်းသိမ်းထားရှိရမည်။

၂.၁၂။ အထက်ပါ အချက်များအပါအဝင် အခြားဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေး ဆိုင်ရာ ဥပဒေများအပေါ် မရှင်းလင်းမှုတစ်စုံတစ်ရာရှိပါက အသိပေးအကြောင်းကြား၍ အကြံဉာဏ်ရယူဆောင်ရွက်ရန်အရေးကြီးသည်။

<u>သဘောတူညီမှုထားရှိခြင်းများ</u>

၂.၁၃။ လွတ်လပ်စွာယှဉ်ပြိုင်မှုအား ကန့်သတ်ခြင်း၊ ပျက်စီးစေခြင်း စသည်တို့အား ဖြစ်ပေါ်စေရန် လုပ်ဆောင်သည့် သဘောတူညီမှုများ၊ လုပ်ဆောင်ချက်များအား တားမြစ်ပိတ်ပင်ထားပါသည်။ ဥပမာအားဖြင့်

က။ လုပ်ငန်းပြိုင်ဘက်များအကြား ဈေးနှုန်းတူသတ်မှတ်ခြင်း၊ ဈေးလျှော့ရောင်းချခြင်း၊ ထုတ်လုပ်မှုပမာဏနှင့် အခြားကုန်ပစ္စည်း/ဝန်ဆောင်မှုပေးအပ်ခြင်းဆိုင်ရာ အချက်အလက် များအပေါ် သဘောတူညီချက်တစ်စုံတစ်ရာထားရှိခြင်း (သို့မဟုတ်) နားလည်မှုရယူ ဆောင်ရွက်ခြင်း၊ (ဤစကားရပ်တွင် လုပ်ငန်းပြိုင်ဘက်များအကြားလေလံဆွဲယူရာတွင် ပြုလုပ်သည့် (ဟန်ပြလေလံဆွဲယူခြင်း) စသည့်တို့ပါဝင်သည်။)

ခ။ လုပ်ငန်းပြိုင်ဘက်များအကြားအချို့သောနေရာ(သို့မဟုတ်) အချို့သောထုတ်ကုန်များအပေါ် ပြိုင်ဆိုင်မှုမပြုဘဲ စျေးကွက်နှင့် ဖောက်သည်များအား ခွဲဝေရယူရန်၊ စျေးသတ်မှတ်ခြင်းမပြုရန်၊ အခြားသူ၏ဖောက်သည်အားရယူခြင်းမပြုရန် စသည်တို့အား သဘောတူဆောင်ရွက်ခြင်းများ၊

ဂ။ လုပ်ငန်းပြိုင်ဘက်များအကြား စျေးနှုန်းအပြောင်းအလဲအပေါ် ကြိုတင်အသိပေးခြင်း၊ ဖောက်သည်များထံ ပေးအပ်သည့် ပမာဏနှင့် စျေးနှုန်းဆိုင်ရာ အချက်အလက်များအား အသိပေးခြင်း၊ လုပ်ငန်းကုန်ကျစရိတ်ဆိုင်ရာအချက်အလက်များအား ပေးအပ်ခြင်း အစရှိသည့် သတင်းအချက်အလက်များ အပြန်အလှန် လဲလှယ်ရယူဆောင်ရွက်ခြင်းများ၊ (ဤစကားရပ်တွင် သတင်းအချက်အလက်ရယူသူမှ စတင်တောင်းခံမှု မပြုသည့်တိုင် အကျုံးဝင်သည်၊)

ဃ။ ဝယ်ယူသူများ၊ ဖြန့်ဖြူးသူများ၊ လက်ကားရောင်းချသူများမှ ပြန်လည်ရောင်းချရာတွင် လိုက်နာရမည့်စျေးနှုန်းသတ်မှတ်ခြင်း၊ သတ်မှတ်ရန် အားပေးမှုပြုခြင်း၊ (ဝယ်ယူသူများအနေဖြင့်၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် လွတ်လပ်စွာ စျေးသတ်မှတ်၍ ရောင်းဝယ်ခြင်း ရှိရမည်ဖြစ်သည်။ ပြန်လည်ရောင်းချရန်စျေးနှုန်းပမာဏ တစ်ရပ်အား အကြံပြုခြင်းအပေါ် ဥပဒေမှ ခွင့်ပြုထားရှိသော်လည်း အဆိုပါစျေးနှုန်း သို့မဟုတ်၎င်းအောက် လျှော့နည်းခြင်းမရှိသည့် စျေးနှုန်းဖြင့်သာ ရောင်းချစေရန် ဖိအားပေးဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ထားသည်။)

၂.၁၄။ အထက်ပါ စည်းမျဉ်းများ ချိုးဖောက်ခြင်းရှိ/မရှိသက်သေပြနိုင်ရန် စာဖြင့် ချုပ်ဆိုထားသော သဘောတူစာချုပ် မလိုအပ်ပါ။ ၎င်းအချက်များသည် ယေဘုယျအားဖြင့် လိုက်နာဆောင်ရွက်ရန် နားလည်မှု ရယူဆောင်ရွက်ကြသည့် အချက်များဖြစ်သည့် အားလျော်စွာ နှုတ်အားဖြင့် သဘောတူညီမှုသည်ပင် "သဘောတူညီချက်"ဟု မှတ်ယူဆောင်ရွက်၍အရေးယူမှုပြုနိုင်သည်။

၂.၁၅။ လုပ်ငန်းပြိုင်ဘက်တစ်ဦး သို့မဟုတ် လုပ်ငန်းပြိုင်ဘက်များအကြား တွေ့ဆုံရာတွင် အစည်းအဝေးတက်ရောက်သူတစ်ဦးမှဖြစ်စေ စျေးနှုန်း သို့မဟုတ် အခြား စီးပွားရေးဆိုင်ရာ အရေးပါသည့်သတင်းအချက်အလက်အား ထုတ်ဖော်ပြောကြားမှုဖြစ်ပွားပါက အဆိုပါကိစ္စရပ်အား တရားမဝင် သဘောတူညီမှုရယူရန် စီစဉ်မှုပြုသည်ဟု မှတ်ယူနိုင်သည်။ ဤစကားရပ်တွင် သတင်းအချက်အလက်ရယူသူမှ စတင်တောင်းခံမှု မပြုသည့်တိုင် အကျုံးဝင်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ သတင်းအချက်အလက်များအား ထုတ်ဖော်ပြောကြားသည့်အခါ ထုတ်ဖော်မှုမရှိသည့် ကုမ္ပဏီများပင်ဖြစ်စေကာမူ ၎င်းတို့အနေဖြင့် အဆိုပါ သတင်းအချက်အလက် အပေါ်အခြေခံ၍ စျေးကွက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်းများအား မဖြစ်မနေပြောင်းလဲဆောင်ရွက်ရမည်သာ

ဖြစ်သည်ဟု ဥပဒေမှ ယူဆပေသည်။ လုပ်ငန်းပြိုင်ဘက်များအကြား ခန့်မှန်းရခက်သည့် လုပ်ငန်းသဘောသဘာဝမှာ အဆိုပါ သတင်းအချက်အလက်များ လက်ခံရရှိခြင်းကြောင့် သက်ရောက်မှု တစ်စုံတစ်ရာရှိနိုင်ပြီး ဈေးကွက်ပျက်စီးစေသည့် အခြေအနေကြုံတွေ့ရနိုင်သည်။

၂.၁၆။ ထို့ကြောင့် အထက်ပါ သတင်းအချက်အလက်များအား လုပ်ငန်းပြိုင်ဘက်မှ ပေးအပ်ရန် ကမ်းလှမ်းလာပါက အဆိုပါကမ်းလှမ်းမှုအား ချက်ချင်းငြင်းပယ်ကာ ရုံးတွင်းသို့ မဆိုင်းမတွ အကြောင်းကြားရမည်။ အလားတူပင် လုပ်ငန်းပြိုင်ဘက်မှ တောင်းဆိုလာပါက အဆိုပါတောင်းဆိုမှုအား ချက်ချင်းငြင်းပယ်ကာ ရုံးတွင်းသို့ မဆိုင်းမတွအကြောင်းကြားရမည်။ အရေးပါသော စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များအား လုပ်ငန်းပြိုင်ဘက်များအကြား မျှဝေသုံးစွဲရန် အခြားကြားခံပုဂ္ဂိုလ်တစ်ဦးမှ တောင်းဆိုခြင်း၊ ပေးအပ်ခြင်း ပြုလုပ်ပါက အထက်ပါအတိုင်း အလားတူ ဆောင်ရွက်ရမည်။

<u>ယေဘုယျအားဖြင့် ဂရုပြုဆောင်ရွက်ရမည့် သဘောတူဆောင်ရွက်ချက်များ</u>

၂.၁၇။ လျှို့ဝှက်ထားရှိရမည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား လုပ်ငန်းပြိုင်ဘက်များနှင့် ဆွေးနွေးခြင်းမပြုရ။ အဆိုပါစကားရပ်တွင် ဈေးနှုန်းသတ်မှတ်ခြင်း၊ ပြန်အမ်းငွေပေးအပ်ခြင်း၊ အပိုဆုကြေးပေးခြင်း၊ ဈေးနှုန်းတိုးတက်မည့်ကိစ္စနှင့် မည်သည့်ကာလတွင် တိုးယူမည့်သတင်းအချက်အလက်၊ ကုန်ကြမ်းဈေးနှုန်းများနှင့် အခြားထောက်ပံ့ရေးဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည်။

၂.၁၈။ အရေးပါသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ လုပ်ငန်းပြိုင်ဘက်များနှင့် မျှဝေခြင်း မပြုရ။ ဤစကားရပ်တွင် ဖောက်သည်များ၊ ဈေးကွက်ဝေစုများနှင့်အခြား ထောက်ပံ့ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျပန်းဖြစ်စေ စနစ်တကျဖြစ်စေ မျှဝေခြင်းများပါဝင်သည်။

၂.၁၉။ လုပ်ငန်းပြိုင်ဘက်များအကြား ဖောက်သည်များ ခွဲဝေရယူခြင်းဖြစ်စေ နယ်မြေခွဲခြားသတ်မှတ်၍ဖြစ်စေ ထုတ်လုပ်မှု သို့မဟုတ် အရောင်းဝေစုများခွဲဝေခြင်းဈေးကွက်ခွဲခြားသတ်မှတ်ခြင်းများ သို့မဟုတ် “ဈေးကွက်အတွင်း ဖွဲ့စည်းပုံ စနစ်တစ်ရပ်” ဖြစ်ပေါ်စေရန် အစီအစဉ်ဆောင်ရွက်ထားရှိခြင်းများ မပြုလုပ်ရ။

၂.၂၀။ ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၌ ဆွေးနွေးခြင်းများအပါအဝင် လုပ်ငန်းပြိုင်ဘက်များ၏ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ၏ အချက်အလက်များအား သေချာစွာထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ဈေးနှုန်းများ၊ ဖောက်သည်ခွဲဝေခြင်းများ၊ ဝန်ဆောင်မှုအဆင့်များ၊ ဈေးကွက်ခန့်မှန်းချက်များနှင့် အရောင်းဆိုင်ရာ သတ်မှတ်ချက်များအားမျှဝေခြင်းမပြုရ။

စျေးကွက်အတွင်း အခိုင်အမာနေရာရရှိခြင်း

၂.၂၁။ နိုင်ငံတကာမှအများအားဖြင့် လက်ခံထားရှိသည့် သတ်မှတ်ချက်များအရ စျေးကွက်အတွင်း စျေးကွက်ဝေစု ၂၅ရာခိုင်နှုန်းအောက် ရယူထားနိုင်ပါက “စျေးကွက်အတွင်း လွှမ်းမိုးမှုမရှိ”ဟု သတ်မှတ်ထားပြီး၊ စျေးကွက်ဝေစု ၂၅ရာခိုင်နှုန်းနှင့် ၄၀ရာခိုင်နှုန်းကြား ရယူထားနိုင်ပါက “လွှမ်းမိုးမှုရှိနိုင်သည်”ဟု သတ်မှတ်ကာ ၄၀ရာခိုင်နှုန်းကျော်ရယူထားနိုင်လျှင် “လွှမ်းမိုးမှုရှိ” ဟု သတ်မှတ်လက်ခံထားရှိရမည်။

၂.၂၂။ စျေးကွက်ဝေစုလွှမ်းမိုးမှုရှိခြင်းအပေါ် အလွဲသုံးစားပြုခြင်းဆိုသည်မှာ အောက်ပါတို့ပါဝင်သည်

က။ ကုန်ပစ္စည်းရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် စျေးကစားခြယ်လှယ်ခြင်း

ခ။ ဝယ်စျေးနှင့် ရောင်းစျေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ထားရှိခြင်းနှင့် ဝန်ဆောင်ခများအား ထိန်းချုပ်ထားရှိခြင်း

ဂ။ ကုန်ပစ္စည်းများ၏ စျေးကွက်ရရှိမှု၊ ကုန်ကြမ်းပစ္စည်းများရယူမှု၊ ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှုနှင့် ရောင်းချမှုများအား ထိန်းချုပ်ထားခြင်းနှင့် ကန့်သတ်ထားရှိခြင်းများ၊

ဃ။ စျေးနှုန်းအား ထိန်းချုပ်ကန့်သတ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် အခြားလုပ်ငန်းများမှ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း

စျေးကွက်နေရာအခိုင်အမာရရှိခြင်းနှင့် စပ်လျဉ်း၍ဂရုပြုရမည့်အချက်များ

၂.၂၃။ စျေးကွက်အတွင်းလွှမ်းမိုးမှုအပေါ် အသာစီးရယူသည့်သဘောဖြင့် စျေးကွက်အတွင်းရှိ ဖြန့်ဖြူးသူများ ဖောက်သည်များနှင့် လုပ်ငန်းပြိုင်ဘက်များအပေါ် ခွဲခြားဆက်ဆံမှု တစ်စုံတစ်ရာ မပြုလုပ်ရ။

၂.၂၄။ စျေးကွက်အတွင်း လွှမ်းမိုးမှုအပေါ် အသာစီးရယူသည့်သဘောဖြင့် စျေးကွက်အတွင်း ကန့်သတ်ချက်များအားချမှတ်ကန့်သတ်ခြင်းမပြုလုပ်ရ။ အချို့သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအားရောင်းချရာမှ ဆက်စပ်၍ ၎င်းထုတ်ကုန်နှင့် ဆက်စပ်သည့်အပိုပစ္စည်း များ၊ အခြားဝန်ဆောင်မှုများအား ချိတ်ဆက်ရောင်းချသည့်သဘော သက်ရောက်စေခြင်းအား ကန့်သတ်ထားသည်။

၂.၂၅။ ထုတ်ကုန်များအားရောင်းချရာတွင် မျှတမှုမရှိသည့်စျေးနှုန်းဖြင့် သတ်မှတ်ရောင်းချခြင်းမျိုး မပြုလုပ်ရ၊ ထို့အပြင် စျေးကွက်အတွင်း လွှမ်းမိုးမှုအပေါ် အသာစီးရယူသည့်သဘောဖြင့် စျေးနှုန်းအလွန်အကျွံလျှော့ချရောင်းချခြင်းမျိုးမပြုလုပ်ရ။ လက်ဝါးကြီးအုပ် ကြီးစိုးမှု

တိုက်ဖျက်ရေးဆိုင်ရာဥပဒေများ၏ရည်ရွယ်ချက်များအနက် ဈေးနှုန်းလျှော့ကျရေးမှာ တစ်ခု အပါအဝင်ဖြစ်သော်လည်း မျှတသော ဈေးနှုန်းအောက်လျှော့နည်းသည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချခြင်းအား တားမြစ်ထားသည်။ (ထို့အပြင် ဈေးကွက်အတွင်းရှိ အခြား ယှဉ်ပြိုင်ဘက်များအား ဈေးကွက်အတွင်းမှ ပျောက်ကွယ်သွားစေရန် ရည်ရွယ်ချက်ဖြင့် ပျမ်းမျှကုန်ကျစရိတ်အောက် လျှော့ချ၍ ဈေးနှုန်းသတ်မှတ်ရောင်းချခြင်းတို့ပါဝင်သည်။

၂.၂၆။ အမြဲအသုံးပြုသည့် သို့မဟုတ် အမြဲဝယ်ယူသည့် ဖောက်သည်ဖြစ်ခြင်းအပေါ် အကြောင်းပြု၍ ပြန်အမ်းငွေများ၊ လျှော့ဈေးများ၊ အပိုဆုကြေးများ ပေးအပ်ခြင်းမပြုရ၊ ပြန်အမ်းငွေများ၊ လျှော့ဈေးများ၊ အပိုဆုကြေးများကို ဝယ်ယူသည့်ပမာဏအပေါ်အခြေခံ၍သာပေးအပ်သင့်ပြီး သတ်မှတ်ချက်များအတိုင်း အချိန်မှန်ပေးအပ်သင့်သည်။

<u>လုပ်ငန်းပြိုင်ဘက်များနှင့်အသင်းအဖွဲ့များ၌အသင်းဝင်အဖြစ်တွေ့ဆုံခြင်းနှင့် အခြားတွေ့ဆုံခြင်းများ</u>

၂.၂၇။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း ("AMCHAM") နှင့်အခြား ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် အဖွဲ့ဝင်များ၏ အကျိုးစီးပွားအား ကာကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း ("AMCHAM")၏ လုပ်ငန်းဆောင်တာများတွင် အဖွဲ့ဝင်များအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းမှာ ဥပဒေအရ ခွင့်ပြုထားပြီးဖြစ်သော်လည်း ထိုကဲ့သို့ပြုမူ ဆောင်ရွက်စဉ် လုပ်ငန်းပြိုင်ဘက်များအကြား ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက် ရေးဆိုင်ရာ စည်းမျဉ်းများနှင့် မကိုက်ညီသော လုပ်ဆောင်ချက်များနှင့် သဘောတူညီချက်များ လုပ်ဆောင်သည့်သဘောသက်ရောက်စေနိုင်သည့်အခြေအနေ ဖြစ်ပွားစေနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ အောက်ပါဆက်သွယ်ဆောင်ရွက်ချက်များ (လုပ်ငန်းတူ၊ အဆင့်အတန်းတူပြိုင်ဘက်များအကြားသဘောတူညီချက်များ)သည်ဈေးကွက် လက်ဝါးကြီးအုပ်အသာစီးရယူရန်ဆောင်ရွက်ချက်ဟုယေဘုယျအားဖြင့်မှတ်ယူနိုင်သည်။

က။ ဈေးနှုန်း၊ အရောင်းပမာဏနှင့် ဈေးကွက်စသည့် စီးပွားရေးအရ အရေးပါသော သတင်းအချက်အလက်များ မျှဝေခြင်း

ခ။ ဖောက်သည်များ မျှဝေခြင်း

ဂ။ ထုတ်လုပ်မှုအား ကန့်သတ်ခြင်း

ဃ။ အခြားအဖွဲ့အစည်း (သို့) ကုန်ပစ္စည်းအား သပိတ်မှောက်စေခြင်း

၂.၂၈။ ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များတွင်အတူတကွပါဝင်ကြသော လုပ်ငန်းပြိုင်ဘက်များ အကြား အလုပ်သဘောဖြစ်စေ အလွတ်သဘောဖြစ်စေတွေ့ဆုံရာတွင်လည်း ဂရုပြုဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ပေသည်။ ရည်ရွယ်ချက်မရှိစေကာမူ တရားဝင်တွေ့ဆုံသည့် အစည်းအဝေးတစ်ရပ်အဖြစ်မှ အပျက်သဘောဆောင်သည့် တရားမဝင်အစည်းအဝေးတစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ကို အစဉ်သတိရှိရန်လိုအပ်သည်။ ထိုသို့ လုပ်ငန်းပြိုင်ဘက်များအကြားတွေ့ဆုံသည့် အစည်းအဝေးများတွင် တစ်စုံတစ်ဦးမှ ဈေးနှုန်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက်များ ( ဥပမာ-ဈေးနှုန်း တိုးတက်ပြောင်းလဲမည့်အချိန်၊ ကာလ သတ်မှတ်ချက် နှင့်တိုးယူမည့် ပမာဏ စသည်ဖြင့်)အား ဆွေးနွေးရန် ကြိုးစားလာပါက အဆိုပါ ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးမှု မပြုရန်ကြိုးစားသင့်ပြီး လိုအပ်ပါက အစည်းအဝေးမှ ထွက်ခွာပြီး ရုံးအတွင်းသို့ သတင်းပို့တိုင်ကြားသင့်ပါသည်။ ဤကဲ့သို့ ကိစ္စရပ်တွင်ဝင်ရောက် ဆွေးနွေးပါက သင်ဘက်မှအဆိုပါသတင်းအချက်အလက် ရယူရန် တောင်းခံခြင်းမဟုတ်သည့်တိုင် ပါဝင်ပတ်သက်သည်ဟု ယူဆခြင်းခံရနိုင်သည်။

၂.၂၉။ ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များအား ပုံမှန်အားဖြင့် ကောက်ယူထိန်းသိမ်းထားလေ့ရှိသည်။ ယေဘုယျအားဖြင့် ထိုကဲ့သို့ကောက်ယူထားသည့်အချက်အလက်များ (ပုဂ္ဂလိကပိုင်ဟု သတ်မှတ်ထားခြင်းမပြုနိုင်သည့်အချက်အလက်များ)နှင့် ယခင်ကပင် ကောက်ယူထားရှိပြီး ဖြစ်သော အချက်အလက်များ (အလွန်အရေးပါသည့် သတင်းအချက်အလက်ဟု ယူဆရန် မရှိတော့သော သတင်းအချက်အလက်များ) စသည်တို့အား အခြား ပုဂ္ဂိုလ်များထံ မျှဝေခြင်းနှင့် လက်ခံရရှိခြင်းသည် ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကန့်သတ်ချက်များအား ချိုးဖောက်မှုမရှိဟု မှတ်ယူရမည်။

၂.၃၀။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) သို့မဟုတ် အခြား ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၏ အစည်းအဝေးများတွင် အောက်ပါသတင်းအချက်အလက်များအား ဆွေးနွေးခြင်းမပြုရန် အကြံပြုထားရှိပါသည်။

- က။ ဒေသဆိုင်ရာ ကန့်သတ်ချက်များ၊ ဖောက်သည်ခွဲဝေခြင်းများ၊ ကန့်သတ်ထားသည့် ထုတ်ကုန်အမျိုးအစားများနှင့် အခြားဈေးကွက်သတ်မှတ်ခြင်းများစသည်တို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ
- ခ။ ဖောက်သည်များထံ ပေးပို့ထားသော ဈေးနှုန်းနှင့်အခြား သတ်မှတ်ချက်များ စသည်တို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ

ဂ။ တစ်ဦးချင်းသို့ပေးအပ်သော တာဝန်ယူစျေးနှုန်းများ၊ စျေးနှုန်းအပြောင်းအလဲများ၊ အရောင်းအခြေအနေများ (ငွေပေးချေမှုပုံစံနှင့် အာမခံကာလ)၊ စျေးနှုန်းကွာခြားခြင်းနှင့် လျှော့စျေးများ စသည်တို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ

ဃ။ ထုတ်ကုန်အမျိုးအစားတစ်မျိုးမျိုးနှင့် သက်ဆိုင်သော စာချုပ်များဆိုင်ရာ လေလံနှင့် ပတ်သက်သောအချက်အလက်များနှင့် ၎င်းလေလံဖိတ်ခေါ်မှုအပေါ် အကြောင်းပြန်ကြားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စသည်တို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ

င။ အသင်းချုပ် သို့မဟုတ် ကုန်သွယ်ရေးအသင်းအဖွဲ့မှ ချမှတ်ထားသော မူဝါဒရည်ရွယ်ချက်များအားအကောင်အထည်ဖော်ရန်ဆွေးနွေးသည်မှအပ စျေးနှုန်းသတ်မှတ်ခြင်းနှင့် သက်ဆိုင်သောမူဝါဒများ၊ နမူနာပုံစံများ၊ စျေးနှုန်းကွာခြားချက်များ၊ ထုတ်လုပ်မှုပမာဏ၊ ကုန်လက်ကျန်အခြေအနေစသည်တို့နှင့် သက်ဆိုင်သော စျေးကွက်အခြေအနေများနှင့်ကြုံတွေ့လျက်ရှိသော ပြဿနာများ (၎င်းတို့အားဖြေရှင်းရန်စီစဉ်ထားရှိမှု သို့မဟုတ် အပြောင်းအလဲတစ်စုံတစ်ရာခန့်မှန်းချက်များ) စသည်တို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ

စ။ ပုဂ္ဂလိကအသုံးပြုရန် ရည်ရွယ်ပြုစုထားသောစျေးကွက်ဝေစုများ၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ထောက်ပံ့မှုစသည်တို့နှင့်သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များ

ဆ။ ပုဂ္ဂလိကအသုံးပြုရန် ရည်ရွယ်ပြုစုထားသော လုပ်ငန်းအစီအစဉ်များ စျေးကွက်ရှာဖွေအစီအစဉ်များ စသည်တို့အပြင် နည်းပညာ၊ ထုတ်လုပ်ရေး၊ စျေးကွက်ရှာဖွေရေးနှင့် အရောင်းအစီအစဉ်များ စသည်တို့နှင့် သက်ဆိုင်သော အနာဂတ်အစီအစဉ်များဆိုင်ရာ သတင်းအချက်အလက်များ

ဇ။ ကုန်ပစ္စည်းပေးသွင်းသူ၊ ဖြန့်ဖြူးသူနှင့် ဖောက်သည်များစသည်တို့နှင့် သက်ဆိုင်သော ကိစ္စရပ်များ

ဈ။ အခြားလျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များ

၃။ အရည်အသွေးမြှင့်တင်ရန်နှင့် အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများ စီစဉ်ဆောင်ရွက်ရာတွင် ဂရုပြု အသုံးပြုရမည့် အထူးလမ်းညွှန်ချက်များ

၃.၁။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း ("AMCHAM") နှင့်အခြား ကုန်သွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များအား အောက်ပါနည်းလမ်းများအား စီစဉ်ဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပါသည်။

က။ အောက်ပါရည်ရွယ်ချက်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်သည့် သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ချက်များ

(၁) ဈေးကွက်သုတေသန ပူးပေါင်းဆောင်ရွက်ခြင်း

(၂) လုပ်ငန်းဆိုင်ရာ သုံးသပ်ခြင်းများနှင့် စံနှုန်းသတ်မှတ်ခြင်းများအား အတူတကွပူးတွဲဆောင်ရွက်ခြင်း

(၃) ကိန်းဂဏန်း အချက်အလက်များနှင့် တွက်ချက်မှုဆိုင်ရာ နည်းလမ်းများအားအတူတကွ ပူးတွဲ ပြုစုခြင်း

ခ။ အောက်ပါရည်ရွယ်ချက်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်သည့် သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ချက်များ

(၁) စာရင်းကိုင်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ချက်များ

(၂) အတူတကွ ပူးပေါင်း၍ မီရှင်အာမခံပေးအပ်ထားရှိခြင်း

(၃) ကြွေးမြီ ကောက်ခံသော ဘုံကိုယ်စားလှယ်အား အတူတကွထားရှိ အသုံးပြုခြင်း

(၄) စီးပွားရေးနှင့် အခွန်ဆိုင်ရာ အကြံဉာဏ်ရယူရန် တူညီသော အကြံပေးပုဂ္ဂိုလ်အား ပူးတွဲအသုံးပြုခြင်း

ဂ။ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အတူတကွပူးပေါင်းဆောင်ရွက်သောသဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ချက်များ

ဃ။ ထုတ်လုပ်ရေး၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အဦးနှင့် ပစ္စည်းများအားအတူတကွ အသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်သော သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

င။ တစ်ဦးနှင့်တစ်ဦးကြား ယှဉ်ပြိုင်သည့်သဘောမရှိသော သို့မဟုတ် တစ်ဦးတည်း ဆောင်ရွက်ရန် မဖြစ်နိုင်သော ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်သော သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

စ။ ဈေးကွက် အတူတကွ ပူးပေါင်းရှာဖွေခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်လုပ်ဆောင်သော ပူးပေါင်းဆောင်ရွက်ချက်များ

ဆ။ ယှဉ်ပြိုင်ဘက်များအကြားတူညီစွာနှင့်လွတ်လပ်စွာ အသုံးပြုနိုင်သောထုတ်ကုန် တစ်ရပ်၏ ထူးခြားသောအရည်အသွေးအားထင်ရှားစေရန် သို့မဟုတ် ထိန်းသိမ်းနိုင်ရန် စီစဉ်သတ်မှတ်သည့် အရည်အသွေးဆိုင်ရာကိစ္စရပ်များတွင် အတူတကွဆောင်ရွက်သော သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

၃.၂။ အထက်ပါနည်းလမ်းများအား စီစဉ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆိုင်ရာအမေရိကန် ကုန်သည်ကြီးများအသင်း (“AMCHAM”) အနေဖြင့်အောက်ပါကိစ္စရပ်များဖြစ်ပေါ်စေခြင်းမရှိရန် ဂရုပြုဆောင်ရွက်သွားမည်ဖြစ်သည်။

က။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”)၏ ဆုံးဖြတ်ချက်များနှင့် အကြံပေးချက်များမှ ယှဉ်ပြိုင်ခြင်းအပေါ် သက်ရောက်မှုတစ်စုံတစ်ရာ ရှိစေခြင်း

ခ။ ပူးပေါင်းသပိတ်မှောက်ခြင်းများ သို့မဟုတ်

ဂ။ ယှဉ်ပြိုင်မှုအား ပိတ်ပင်ကန့်သတ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိခိုက်စေမည့်ဆောင်ရွက်ချက်များ

## ၄။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း(“AMCHAM”)၏ အစည်းအဝေးများတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ

၄.၁။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”)၏ အစည်းအဝေး များ၊ ဆက်သွယ်ဆောင်ရွက်ချက်များနှင့် အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါလမ်းညွှန်ချက်များအား အမြဲတစေလိုက်နာရမည်ဖြစ်သည်။

၄.၂။ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) ၏အဖွဲ့ဝင်များ အားလုံးအနေဖြင့် လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာစည်းမျဉ်းများအား တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ၎င်းတို့၏ ဝန်ထမ်းများအားအဆိုပါ လက်ဝါးကြီးအုပ် ကြီးစိုးမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သော လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ကောင်းစွာ သိရှိပြီး လေးစားလိုက်နာမှုရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိမည်။ ဤလမ်းညွှန်ချက်များသည်

မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”)၏ အစည်းအဝေးများ တွင် တက်ရောက်မည့် အဖွဲ့ဝင်များအားလိုက်နာနိုင်စေရန် အသိပေးလမ်းညွှန်ချက်အဖြစ် အသုံးချမှုပြုနိုင်စေရန်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများမှ အခြေခံကျသော အချက်များနှင့် ပြဋ္ဌာန်းချက်များသာ ထုတ်နုတ်၍ ဖော်ပြထားရှိပါသည်။ အစည်းအဝေး တက်ရောက်သူများအနေဖြင့် အထက်ပါ စည်းမျဉ်းများအား ကြိုတင်လေ့လာထားရှိသင့်ပြီး လိုအပ်ပါက ယှဉ်ပြိုင်မှုနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် ကျွမ်းကျင်သည့် ရှေ့နေရှေ့ရပ်များထံ အကြံဉာဏ် တောင်းခံရယူသင့်သည်။

<u>လိုက်နာဆောင်ရွက်ရမည့်အချက်များ</u>

က။ အစည်းအဝေးများအားလုံးတွင် တိကျသော အခမ်းအနားအစီအစဉ်အား အခမ်းအနား မစတင်မီ ကြိုတင်ရေးဆွဲထားရှိရမည်။

ခ။ အစည်းအဝေးမှတ်တမ်းအား ကောင်းစွာ ပြုစုထားရှိရမည်ဖြစ်ပြီး ၎င်းတွင် အစည်းအဝေး၌ ဆွေးနွေးခဲ့သော သဘောတူညီခဲ့သောအချက်အလက်များအား မှတ်တမ်း တင်ထား ရှိပြီး ဖြစ်စေရန် ဆောင်ရွက်ရမည်။

ဂ။ အစည်းအဝေးတွင် ယှဉ်ပြိုင်ခြင်းအပေါ် ထိခိုက်စေနိုင်သည့် ဆွေးနွေးမှုများ လုပ်ဆောင်ချက်များအား ပါဝင်ဆောင်ရွက်လိုခြင်းမရှိကြောင်းအတိအလင်းကန့်ကွက်ပါ၊ ထိုသို့ဆွေးနွေးမှုများ လုပ်ဆောင်မှုများဆက်လက်ဖြစ်ပေါ်နေပါက အစည်းအဝေးမှ လူသိရှင်ကြား ငြင်းပယ်ပြီးလျှင် အစည်းအဝေးမှ ချက်ချင်းထွက်ခွာပါ။ အစည်းအဝေးမှ မထွက်ခွာမီ သင်၏ ကန့်ကွက်ချက်အား အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားရှိပြီးဖြစ်စေရန် ဆောင်ရွက်ပါ။ သင်၏ကန့်ကွက်ချက်အား အစည်းအဝေးမှတ်တမ်းတင်ထားရှိမှု မရှိပါက အစည်းအဝေးတက်ရောက်သူများ အားလုံးထံ အစည်းအဝေးအပြီးတွင် မှတ်ချက် ရေးသားပေးပို့ရမည်။

<u>ရှောင်ကြဉ်ရမည့်အချက်များ</u>

အစည်းအဝေးများ၊ အစည်းအဝေးသဘောဆောင်သည့်တွေ့ဆုံပွဲများတွင် တက်ရောက်သူများအကြား အလုပ်သဘောအရဖြစ်စေ အလွတ်သဘောအရဖြစ်စေ အောက်ပါသတင်းအချက်အလက်များအား အတိအကျဖြစ်စေ ခန့်မှန်းသဘောဖြင့်ဖြစ်စေ မျှဝေခြင်း၊ ဆွေးနွေးခြင်း မပြုရ။

က။ ကုမ္ပဏီတစ်ခု၏ ဈေးနှုန်းများ၊ ဈေးနှုန်းအပြောင်းအလဲများ၊ အခြေခံဈေးနှုန်းများ၊ ဈေးနှုန်းကွာခြားချက်များ၊ လက်လီအရောင်းဈေးနှုန်းများ၊ လျှော့ဈေးများ၊ ခွင့်ပြုငွေများ၊ ချေးငွေကာလများ စသည့်အချက်အလက်များနှင့် ကုန်ကျစရိတ်၊ ထုတ်လုပ်မှု၊ ထုတ်လုပ်နိုင်

စွမ်း၊ ပစ္စည်းလက်ကျန်၊ အရောင်းပမာဏ စသည်ဖြင့် ဈေးနှုန်းအား သတ်မှတ်ရန် အသုံးပြုရသည့်အချက်အလက်များ

ခ။ လုပ်ငန်းတစ်ရပ်၏ ဈေးနှုန်းသတ်မှတ်ခြင်းဆိုင်ရာ မူဝါဒများ၊ အကြမ်းဖျင်းဈေးနှုန်းများ၊ ဈေးနှုန်းအပြောင်းအလဲများနှင့် ဈေးနှုန်းကွာခြားချက်များ

ဂ။ ထုတ်လုပ်မှုပမာဏ၊ ထုတ်လုပ်နိုင်စွမ်းနှင့် ပစ္စည်းလက်ကျန်တို့အပြောင်းအလဲဖြစ်ပေါ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ

ဃ။ ထုတ်ကုန်အမျိုးအစားတစ်မျိုးမျိုးနှင့် သက်ဆိုင်သော စာချုပ်များဆိုင်ရာ လေလံနှင့်ပတ်သက်သောအချက်အလက်များနှင့် ၎င်းလေလံဖိတ်ခေါ်မှုအပေါ် အကြောင်းပြန်ကြားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စသည်တို့နှင့် သက်ဆိုင်သော သတင်းအချက် အလက်များ

င။ ကုမ္ပဏီများ၏ ကိုယ်ပိုင်ဖြစ်သော ထုတ်ကုန် တစ်ရပ်နှင့် သက်ဆိုင်သောဒီဇိုင်း၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ အချက်အလက်များနှင့် ဈေးကွက်ထိုးဖောက်ရန်ရည်ရွယ်ထားသည့် ဖောက်သည်များနှင့်နေရာများ

စ။ စီးပွားရေးအရ အရေးအလွန်ပါသည်ဟု ယူဆနိုင်သည့်အချက်အလက်များ ဈေးနှုန်းသတ်မှတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့နှင့် ဆက်စပ်၍ လက်ရှိချမှတ်ထားသော သို့မဟုတ် အနာဂတ်တွင် ချမှတ်မည့် ကုမ္ပဏီများ၏ ကိုယ်ပိုင်ဖြစ်သော စီးပွားရေးဗျူဟာမြောက်ဆုံးဖြတ်ချက်များ

ဆ။ ကုမ္ပဏီတစ်ရပ်၏ ထင်ရှားသောဝိသေသလက္ခဏာဖြင့် ကိုယ်ပိုင်ဟုသတ်မှတ်နိုင်သောအထက်ပါအချက်အလက်များ။

**ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးအပေါ်သဘောထားထုတ်ပြန်ချက်**

မိမိအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်ကုန်သည်ကြီးများအသင်း (“AMCHAM”) ၏ ဈေးကွက်လက်ဝါးကြီးအုပ် ကြီးစိုးမှုတိုက်ဖျက်ရေးမူဝါဒအပေါ် ကောင်းစွာဖတ်ရှုပြီး၍ နားလည်သဘောပေါက်ပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုးအတည်ပြုအပ်ပါသည်။

______________________________

လက်မှတ်

______________________________

အမည်နှင့်နေ့စွဲ

| **မူ** | **အတည်ပြုသည့်နေ့စွဲ** | **နောက်တစ်ကြိမ် ပြန်လည်စိစစ်ရမည့်နေ့** | **စိစစ်ပြီး** | **ဦးဆောင်စိစစ်သူများ** | **လိုက်နာရမည့်ပုဂ္ဂိုလ်များ** |
|---|---|---|---|---|---|
| ၁.၀ | ၁၆.ဇွန်လ.၂၀၂၂ | ဇွန်လ ၂၀၂၃ | | အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူး | အဖွဲ့ဝင်များ |